# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 3, 2020 Volume 30, Number 3


၃.၄.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၀၆ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၀၀/- ကျပ် |
| CBM Rate | = ၁၄၀၅.၄ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၇.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၇၉.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၃၂.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၉၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၈၄၄.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၈.၁၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၅၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၂.၆၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ဝ၁-၃၇၁၂၀၃
ဝ၁-၃၇၆၄၁၆
ဝ၁-၃၇၆၄၉ဝ
ဖက်စ် ဝ၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စိုက်စရိတ်ချေးငွေများအပေါ် ကောက်ခံသည့်အတိုးနှုန်းများလျှော့ချ

စိုက်ပျိုးစရိတ်ချေးငွေများအပေါ် ကောက်ခံသည့် အတိုးနှုန်းများ လျှော့ချလိုက်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်သည်။ တောင်သူများ စိုက်ပျိုးရေး ဆိုင်ရာချေးငွေများကို အတိုးနှုန်း သက်သာစွာဖြင့် ရရှိစေရေး လက်ရှိထုတ်ချေးပေးနေသော စိုက်ပျိုးစရိတ် ချေးငွေ၊ JICA ချေးငွေနှင့် မြန်မာ့စီးပွားရေးဘဏ်က ထုတ်ချေးနေသည့် စိုက်ပျိုးရေးကဏ္ဍ ချေးငွေများအပေါ် ကောက်ခံသည့်အတိုးနှုန်းများကို လျှော့ချပြင်ဆင်ကောက်ခံမည်ဟု ထုတ်ပြန်ထားသည်။



မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်က ထုတ်ချေးပေးနေသော စိုက်စရိတ်ချေးငွေ၏ ယခင်အတိုးနှုန်းသည် ၈ ရာခိုင်နှုန်းရှိပြီး ယခုအခါ ၇ ရာခိုင်နှုန်းသို့လျှော့ချသည်။ အလားတူ JICA ၏ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေအတိုးနှုန်းကို ၈ ရာခိုင်နှုန်းမှ ၆ ဒသမ ၅ ရာခိုင်နှုန်း၊ မြန်မာ့စီးပွားရေးဘဏ်၏ စီမံကိန်းအတိုးနှုန်းကို ၉ ရာခိုင်နှုန်းမှ ၈ရာခိုင်နှုန်းသို့ လျှော့ချမည်ဖြစ်သည်။ ချေးငွေအပေါ် ကောက်ခံသည့် အတိုးနှုန်းကို လျှော့ချခြင်းနှင့်အတူ တောင်သူများ၏ စုဆောင်းအပ်နှံငွေအပေါ် ပေးမည့် အတိုးနှုန်းကိုလည်း ၈ ရာခိုင်နှုန်း မှ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ပြင်ဆင်ခဲ့သည်။ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးငွေနှင့် စုဆောင်းအပ်ငွေတို့ အပေါ် ပြင်ဆင်သည့် အတိုးနှုန်းသည် ၂၀၂၀ ဧပြီကစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ "စိုက်ပျိုးစိုက်ချေးငွေ လျှော့ချလိုက်တာတော့ ကြိုဆိုတယ်။ ဒီထက်ပိုပြီး အကျိုးပြုနိုင် ဖို့ဆို ချေးငွေဆပ်ရမယ့်ကာလကို ၂ နှစ်၊ သုံးနှစ်ထိ ထားပေးစေချင်တယ် " ဟု လယ်သမားဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။

စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေအတွက် ၂၀၁၇ ကတည်းက JICA နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တောင်သူ

တစ်ဦးချင်းအတွက် အများဆုံးကျပ်သိန်း ၅၀၀ အထိ ချေးပေးခဲ့သည်ဟု အစိုးရက ထုတ်ပြန်ထားသည်။ ၂၀၁၉ မတ်လအထိ မြို့နယ် ၁၅၅ မြို့မှ တောင်သူ ၂,၀၀၀ ကျော်အတွက် ကျပ်ဘီလီယံ ရှစ်ဆယ်ကျော် ထုတ်ချေးထားသည်။ မြန်မာ့စီးပွားရေးဘဏ်နှင့်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တို့ပူးပေါင်းဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေကို ၂၀၁၈ ဧပြီလတွင်စတင်ခဲ့ပြီး ၂၀၁၉ ဧပြီအထိ မြို့နယ် ၁၀၀ ခန့်ရှိ လုပ်ငန်းရှင် ၆၀၀ ကျော်ကို ကျပ်ခြောက်ဘီလီယံကျော်ချေးခဲ့ကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=183364

## လေကြောင်းလိုင်းများကို ကောက်ခံသည်အခွန်အခများ ကင်းလွတ်ခွင့်ပေးရန်စီစဉ်



ကိုရိုနာဗိုင်းရပ်စ်ရောဂါပျံ့နှံ့မှုကြောင့် ပြည်တွင်းလေကြောင်းလုပ်ငန်းဈေးကွက် ထိခိုက်မှုများရှိနေပြီး ယင်းကို ပြန်ကုစားနိုင်ရန် အစိုးရလက်အောက်ရှိ လေယာဉ်ကွင်းများတွင် ကောက်ခံသည့် အခွန်၊ အခများကို ကင်းလွတ်ခွင့်ပြုရန်စီစဉ်နေကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဦးမျိုးမင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။ လေကြောင်းလိုင်းများအတွက် ထိခိုက်နစ်နာမှုများကို အသေးစိတ်စာရင်းကောက်ယူနေပြီး ကုစားမှုအစီအစဉ်များဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးနေကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။ ''ဝန်ကြီးဌာနအနေနဲ့ လေကြောင်းလိုင်းတွေပေါ်မှာကောက်တဲ့အခွန်အခကို လျှော့ပေးတာရှိတယ်။ ချေးငွေကတော့ နိုင်ငံတော်က ထုတ်ပေးမှသာရနိုင်မှာ။ ဌာနအနေနဲ့ ထုတ်ချေးပေးလို့မရဘူး''ဟု ဦးမျိုးမင်းဦးကပြောသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက လေကြောင်းလိုင်းများ အစိုးရလေယာဉ်ကွင်းများတွင် လေယာဉ်ဆင်းသက်ခ၊ ရပ်နားခ၊ လေကြောင်းထိန်းသိမ်းခများနှင့် လေယာဉ်ဖြတ်ကျော် ပျံသန်းခများအတွက် ကောက်ခံသော အခနှုန်းထားများကို ကင်းလွတ်ခွင့်ပြုမည်ဖြစ်ပြီး လက်ရှိတွင် တရားဝင်ထုတ်ပြန်ခြင်း မရှိသေးပေ။ ၄င်းပြင် အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုကို တာဝန်ယူဆောင်ရွက်နေသည့် ပုဂ္ဂလိကလေဆိပ်များတွင် လေကြောင်းလိုင်းများက ပေးဆောင်ရသည့် အခများကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးရန် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက တိုက်တွန်းထားပြီး ယင်းတို့ကို ဥပဒေနှင့်အညီဖြစ်စေရန် ဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနထံမှသိရသည်။

အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများသို့ ဆင်းသက်ရပ်နားပါက လေယာဉ်တစ်စီးလျှင် တစ်ကြိမ်ဆင်းသက် ရပ်နားတိုင်း လေယာဉ်အမျိုးအစားပေါ်မူတည်၍ အမေရိကန် ဒေါ်လာ ၈၅ မှ ၁,၅၁၈ ဒေါ်လာအထိ ကောက်ယူလေ့ရှိပြီး ပါကင်ထိုးရပ်နားပါက ၁၅ ဒေါ်လာမှ ၂၄၃ ဒေါ်လာအထိကောက်ယူသည်။ ပြည်တွင်းလေယာဉ်ကွင်းများတွင် ဆင်းသက်သည့် လေယာဉ်များကို အမျိုးအစားပေါ်မူတည်၍ ပါကင်ထိုးရပ်နားပါက အမေရိကန်ဒေါ်လာ ၄,၂၀၀ မှ ၆၇၀,၄၀၀ အထိ ကောက်ယူပြီး ဆင်းသက်ရပ်နားပါက အမေရိကန်ဒေါ်လာ ၁၈,၈၀၀ မှ ၃၃၀,၀၀၀ အထိကောက်ယူကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနထံမှသိရသည်။ အဆိုပါ အခွန်အခများအတွက် ငွေပေးချေမှုစနစ်သည် နှစ်အလိုက်၊ လအလိုက် စာရင်းများဖြင့် ဆောင်ရွက်ခြင်းဖြစ်သဖြင့် တရားဝင်စာထုတ်ပြန်လာပါက သတ်မှတ်ရက်နောက်ပြန်ရက်စွဲဖြင့် ထွက်ရှိလာနိုင်ကြောင်း ဦးမျိုးမင်းဦးကပြောသည်။

လေကြောင်းလိုင်းလုပ်ငန်းများသည် ကုန်ကျစရိတ်ကြီးမားပြီး ရင်းနှီးမြှုပ်နှံမှု များပြားသည့်လုပ်ငန်း ဖြစ်ခြင်းကြောင့် လက်ရှိဝန်ကြီးဌာနက လျှော့ချမည့်နှုန်းထားများသည် ပမာဏအနည်းငယ်သာဖြစ်နိုင်ကြောင်း လေကြောင်းလိုင်းများက မှတ်ချက်ပြုသည်။ ''နိုင်ငံတကာခရီးစဉ် ပျံသန်းတဲ့လေကြောင်းလိုင်းတွေ ထိခိုက်မှုများတယ်။ အခုဆိုရင် MNA တို့ဆိုရပ်ဆိုင်းရမယ့်အနေအထားမှာရှိနေတယ်။ MAI ဆိုလည်း အရင်ကတည်းက တရုတ်ခရီးစဉ်တွေ ရပ်ဆိုင်းခဲ့တယ်။

ပြည်တွင်းမှာလည်း ခရီးသည်ဝင်ရောက်မှု လျော့ကျတဲ့အတွက် ထိခိုက်မှုတွေရှိမယ်။ ဒါတွေကို အသေးစိတ်တွက်ချက်နေတယ်''ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးဦးနေဝင်းက မြန်မာတိုင်း(မ်)ကို ပြောသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းတို့ပြေးဆွဲသည့် တရုတ်နိုင်ငံ အခြေပြုပြည်ပခရီးစဉ်များကို ဇန်နဝါရီလမှစ၍ရပ်နားထားပြီး ဧပြီလကုန်ထိ ဗုဒ္ဓဂယာ-ရန်ကုန်ခရီးစဉ်များကိုလည်း ရပ်နားခဲ့သည်။

မြန်မာ့ခရီးသွားလုပ်ငန်းကို အခြေပြုပြီး လည်ပတ်နေရသည့် လေကြောင်းလုပ်ငန်းများသည် ဗိုင်းရပ်စ်၏ ရိုက်ခတ်မှုကို ဇန်နဝါရီလမှစ၍ ထိခိုက်ခံခဲ့ရခြင်းဖြစ်ကာ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ခရီးသည်တင်လိုင်းများ ဆင်းသက်ခွင့်ကို ယာယီပိတ်ထားသည်။ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ပြည်တွင်းခရီးသည် သုံးသန်းခန့်သာရှိနေသည့် ပြည်တွင်းလေကြောင်း ဈေးကွက်သည် မြန်မာနိုင်ငံသို့ ဝင်ရောက်လာမည့် ပြည်ပခရီးသည်များကိုသာ အဓိကမှီခိုနေရသည်။ ''အခုက ပြည်ပအဝင်တွေကို လက်မခံတော့ပေမဲ့ ပြည်တွင်းလေဆိပ်တွေကို ပြေးဆွဲခွင့်ရနေသေးတယ်။ လက်ရှိက ခရီးစဉ်တွေကို ဖျက်သိမ်းထားတာမရှိသေးဘူး။ ခရီးစဉ်တွေက ပုံမှန်အတိုင်းပျံနေတယ်။ ဒါပေမဲ့ ပျံသန်းတဲ့အကြိမ်ရေကို လျှော့တာတွေလုပ်နေတယ်''ဟု အဲကမ္ဘောဇနှင့် အပြည်ပြည်ဆိုင်ရာ မြန်မာ့ လေကြောင်းလိုင်း တာဝန်ရှိသူကပြောသည်။

ပြည်တွင်းလေကြောင်းလိုင်းများသည် ကိုဗစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုတန်ဖိုးကို အတိအကျမသိသေးသော်လည်း လက်ရှိခရီးသည်ရရှိမှုသည် သိသိသာသာလျော့နည်းသွားကြောင်း ပြည်တွင်းလေကြောင်းလိုင်းများထံမှသိရသည်။''လေယာဉ်ခရီးစဉ်မှာ လူမရှိဘူး။ နှစ်ယောက် သုံးယောက်ပဲဆိုရင် သူများလိုင်းကို ပြောင်းပေးလိုက်ရတယ်။ ဒီရက်တွေမှာ စီးတဲ့သူများရင် ခရီးစဉ်ဆွဲလိုက်တယ်။ နည်းရင်တော့ သူများလိုင်း ပေါင်းပေးလိုက်ရတယ်။ လောလောဆယ်တော့ ဒီလိုပဲလုပ်နေရတယ်။ အခုက ဆီဖိုးတောင် ပြန်မရတော့ဘူးလေ''ဟု ရွှေမြန်မာလေကြောင်းလိုင်းတာဝန်ရှိသူကပြောသည်။ လက်ရှိတွင် စက်သုံးဆီဈေးနှုန်းသည် ကိုဗစ်ရောဂါသက်ရောက်မှုကြောင့် ဈေးနှုန်းထက်ဝက်ခန့် လျော့ကျနေသည်။ သို့ရာတွင် လေကြောင်းလိုင်းများ၏ အဓိကကုန်ကျစရိတ်ဖြစ်သည့် လေယာဉ်ဆီဈေးနှုန်းသည် မြန်မာနိုင်ငံတွင် လေယာဉ်ဆီဖြန့်ဖြူးရေးလုပ်ငန်းကို တစ်ဦးတည်းကသာ လုပ်ပိုင်ခွင့်ရရှိနေခြင်းကြောင့် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက လက်ရှိအချိန်ထိ ယခင်အတိုင်းသာ မြင့်မားဆဲဖြစ်ကြောင်း လေကြောင်းလုပ်ငန်းလုပ်ကိုင်သူများကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/137821.html

## COVID-19 ကြောင့် ယာယီရပ်ဆိုင်းထားသော ဆန်တင်ပို့ခွင့်ကို ပြန်သုံးသပ်နေဟုဆို

COVID-19 ကြောင့် ယာယီရပ်ဆိုင်းထားသော ပြည်ပဆန်တင်ပို့ခွင့်ကို ပြည်တွင်းရိက္ခာဖူလုံမှုနှင့်ဈေးနှုန်းတည်ငြိမ်မှုကို ပြန်လည်သုံးသပ်ပြီးနောက် လိုင်စင်သစ်ချထားပေးမည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေး ဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ လက်ရှိ နွေစပါးမပေါ်သေး ချိန်တွင် ပြည်တွင်းရိက္ခာဖူလုံရေး နှင့် ဆန်ဈေးတည်ငြိမ်ရေးက အ ရေးကြီးပြီး COVID-19 မြန်မာ တွင် စတင်တွေ့ရှိပြီးနောက် ပြည်တွင်းလက်ကားဈေးကွက်တွင် ဆန်ဈေးတက်သွားသဖြင့် ပြည်ပတင်ပို့ခြင်းကိုဝန်ကြီးဌာနက ပြန်လည်သုံးသပ်ခြင်းဟု ၎င်းကပြောသည်။ “လိုင်စင်အသစ်တွေ ခွင့်ပြုဖို့က ကြေညာပေးပါ့မယ်။ လက်ရှိအခြေအနေမှာတော့ ဈေးကွက်ကို စောင့်ကြည့်နေတယ်”ဟုဦးခင်မောင်လွင်ကပြောသည်။

မြန်မာနိုင်ငံတွင် ပြည်ပဆန်တင်ပို့မှုက ကုန်သွယ်ရေးကဏ္ဍတွင် အရေးကြီးသဖြင့် နွေစပါးပေါ်ချိန်တွင် ပြည်တွင်းလက်ကျန်အခြေအနေသုံးသပ်၍ ဆန်တင်ပို့ ခွင့်လိုင်စင်အသစ်များချထားပေးမည်ဟုဆိုသည်။ မြန်မာနိုင်ငံတွင် ပြည်ပသို့ ဆက်လက်တင်ပို့ခွင့်သည် လယ်သမားများ၏ဝင်ငွေဖြစ်သော စပါးဈေးနှုန်းနှင့် တိုက်ရိုက်သက် ဆိုင်နေသည်။ ဆန်တင်ပို့ခွင့် ယာယီရပ်ဆိုင်းမှုက နွေစပါးမပေါ်မီ စပါးဈေးကျဆင်းသွားနိုင်ကြောင်း၊ ဤဆုံးဖြတ်ချက်အား တာဝန်ရှိသူများအနေဖြင့် အလေးအနက်စဉ်းစား၍ ပြန်လည်ပြင်ဆင်ရန် ကျွန်တော့်အနေဖြင့် တိုက်တွန်းအပ်ပါသည်”ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် နာယကဦးချစ်ခိုင်က ၎င်း၏ဖေ့စ်ဘွတ်ခ်တွင် ရေးသားထားသည်။ ထို့အပြင် မေလတွင် ပြည်ပဆန်တင်ပို့ခွင့် လိုင်စင် အသစ်များ ချထားပေးရန်ရှိသည်ဟုလည်း ရေးသားထားပြီး တင်ပို့မည့် ဆန်၏ ၁၀ ရာခိုင်နှုန်းကို အရန်ဆန်အဖြစ်ထားရန် စီစဉ်နေသည်ဟုလည်း ဆိုထားသည်။

၂၀၁၉ အောက်တိုဘာမှ ၂၀၂၀ မတ်လအထိ စာရင်းအရ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၄ သိန်းခန့် တင်ပို့ထားသည်။ ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် မြန်မာ နိုင်ငံမှ ပြည်ပသို့ ဆန်တန်ချိန် ၂၃ သိန်း တင်ပို့ခဲ့ကြောင်း စီးပွားကူး သန်းဝန်ကြီးဌာန စာရင်းများတွင်ဖော်ပြထားသည်။ မြန်မာနိုင်ငံသည် နှစ်စဉ် ဆန်တန်ချိန် ၁၄ သန်းကျော် စိုက် ပျိုးထုတ်လုပ်ပြီး ပြည်တွင်းစားသုံးမှုနှင့် သုံးစွဲမှုက ၁၀ သန်းကျော်သည်။ ပိုလျှံသည့် ဆန်တန်ချိန် လေးသန်းကျော်ရှိပြီး တရုတ်နှင့်အာဖရိက နိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ တင်ပို့နေသည်။

**Source:** https://7day.news/detail?id=183363

## COVID-19 ကြောင့် ထိခိုက်မှုရှိနေသည့် သတ်မှတ်ချက်များနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေလျှောက်လွှာများ စတင်လက်ခံနေပြီး ဧပြီ ၉ ရက်နောက်ဆုံးထား လျှောက်ထားရမည်

COVID-19 ကြောင့် ဦးစားပေး ကုစားရမည့်ကဏ္ဍများအတွက် ချေးငွေ စတင်လက်ခံသည့် နှစ်ရက်အတွင်း CMP ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် SME လုပ်ငန်းရှင် ၅၀ က ချေးငွေ လာရောက်လျှောက်ထားခဲ့ကြောင်း ကုန်သည် စက်မှုအသင်းချုပ်မှ သိရသည်ကုန်သည်စက်မှုအသင်းချုပ်တွင် COVID-19 သက်ရောက်မှုကြောင့် ထိခိုက်မှုရှိနေသော စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်မှ COVID-19 Fund မှ ထုတ်ပေးမည့် အတိုးနှုန်းသက်သာသည့် ချေးငွေအတွက် လျှောက်လွှာများကို မတ် ၃၀ ရက်ကစတင်ခဲ့ရာ မတ် ၃၀ နှင့် ၃၁ ရက်၊ နှစ်ရက်အတွင်း လုပ်ငန်းရှင် ၅၀ မှာ ချေးငွေ လျှောက်လွှာ တင်ခဲ့ခြင်းဖြစ်သည်။ ချေးငွေစတင်လက်ခံသည့် ပထမနေ့နှင့် ဒုတိယနေ့တွင် လျှောက်လွှာထုတ်ယူခြင်းနှင့် လာရောက် စုံစမ်းမေးမြန်းသူဦးရေ ၁၅၄ ဦးအထိရှိခဲ့ပြီး အချက်အလက်ပြည့်စုံစွာဖြင့် လျှောက်လွှာတင်ခဲ့သူ ၅၀ ဦးရှိခဲ့ကာ ဦးစားပေးကုစားပေးရမည့် ကဏ္ဍများဖြစ်သည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ၊ SME ကုန်ထုတ်လုပ်ငန်း များမှ လုပ်ငန်းရှင်အများစုပါဝင်ကြောင်းသိရသည်။

ကုန်သည်စက်မှုအသင်းချုပ်သည် COVID-19 ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်လက်တွဲပူးပေါင်းဆောင်ရွက်ကာ COVID-19 ကြောင့် လတ်တလော စီးပွားရေး ထိခိုက်မှု အများဆုံးခံစားရသည့်လုပ်ငန်းကဏ္ဍများအား COVID-19 Fund မှ ချေးငွေများ ထုတ်ချေးပေးရာတွင် ကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အဆိုပါချေးငွေကို ဦးစားပေးကုစားရမည့်ကဏ္ဍများတွင် အကျုံးဝင်သည့်စီးပွားရေး လုပ်ငန်း များကို အတိုးနှုန်း တစ်ရာခိုင်နှုန်းဖြင့် ချေးငွေများ လျှောက်ထားနိုင်ကြောင်းသိရသည်။ လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် မတ် ၃၀ မှ ဧပြီ ၉ ရက်အတွင်း နေ့စဉ်နံနက် ၉ နာရီ မိနစ် ၃၀ မှ ညနေ ၄ နာရီ မိနစ် ၃၀ အချိန်အတွင်း လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။ နောက်ဆုံးသတ်မှတ်ရက်ဖြစ်သည့် ဧပြီ ၉ ရက်အထိ လျှောက်ထားရန် လိုအပ်ကြောင်းသိရသည်။

COVID-19 ၏ အကျိုးသက်ရောက်မှုဖြင့် နိုင်ငံအတွင်း စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် အဆိုပါလုပ်ငန်းကဏ္ဍ သုံးခုကို ဦးစားပေးကုစားရန်အတွက် ပြည်ထောင်စုအစိုးရသည် နိုင်ငံတော် လှည့်ပတ်ရန်ပုံငွေမှ ကျပ်ဘီလျံ ၅၀ နှင့်လူမှုဖူလုံရေး ရန်ပုံငွေမှ ကျပ်ဘီလျံ ၅၀ ဖြင့် စုစုပေါင်း ကျပ် ဘီလျံ ၁၀၀ ကို ကနဦးမ,တည်၍ မြန်မာ့စီးပွားရေးဘဏ်တွင် COVID-19 Fund ကို ထူထောင်ကာ ချေးငွေများထုတ်ပေးခြင်းဖြစ်သည်။ ကုန်သည်စက်မှုအသင်းချုပ်သည် ပုဂ္ဂလိကကဏ္ဍအား ဦးဆောင်၍ နိုင်ငံတော်အစိုးရနှင့်အတူ ရန်ပုံငွေကျပ်ဘီလျံ ၁၀၀ အား လုပ်ငန်းကဏ္ဍအလိုက် အမှန်တကယ်လိုအပ်ပြီး ရသင့်ရထိုက်သော လုပ်ငန်းများမှ ချေးငွေရရှိအောင် စနစ်တကျခွဲဝေပေးနိုင်ရေး၊ ချေးငွေအတွက် စံသတ်မှတ်ချက်များကို သတ်မှတ်ပေးနိုင်ရေး၊ သတ်မှတ်ကာလအတွင်း ချေးငွေပြန်ပေးဆပ်နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်ဟုသိရသည်။

**Source:** https://news-eleven.com/article/167325

## မန္တလေးကုန်စည်ဒိုင်တွင် ပဲတီစိမ်းနှင့် ပဲစင်းငုံအပါအဝင် သီးနှံများ ဈေးကောင်းရ



မန္တလေးကုန်စည်ဒိုင်၌ ဧပြီ ၁ ရက်တွင် ပဲတီစိမ်းနှင့်ပဲစင်းငုံများကို တရုတ်ပို့ကုန်အဖြစ် ဝယ်ယူသူများနေသဖြင့် အရောင်းသွက်နေပြီး အခြားသီးနှံများပါ ဈေးပိုမိုရရှိနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ သိရသည်။ "ပဲတီစိမ်းက တရုတ်လိုင်းဝယ်လို့ ဒီမနက် သုံးတင်းဝင် တစ်အိတ်ကိုကျပ် ၁၂,၀၀၀ ဈေးတက်သွားတယ်။ မတ် ၃၀ ရက်က ပဲတီစိမ်းရွှေဝါတစ်အိတ်ကို ကျပ် ၁၀၇,၀၀၀ ကနေ ၁၁၉,၀၀၀အထိ ဈေးတက်သွားတယ်။ တချို့ဆို ကျပ် ၁၂၀,၀၀၀ အထိ ဈေးရတယ်။ ပဲစင်းငုံလည်း ဒီနေ့ကုန်စည်ဒိုင်အဖွင့်ဈေးကျပ် ၇၀,၀၀၀ နဲ့စပြီး အရောင်းအဝယ်ဖြစ်တယ်။ အဓိက,က တရုတ်လိုင်း အဝယ်များလို့ ဖြစ်ပါတယ်"ဟု မန္တလေးကုန်စည်ဒိုင် ဒုဥက္ကဋ္ဌ ဦးမျိုးဆွေက ပြောသည်။

COVID-19 ကြောင့် မန္တလေးကုန်စည်ဒိုင်ကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အချိန်ပြောင်းလဲဖွင့်လှစ်ထားပြီး ယခုရက်ပိုင်းအတွင်း နယ်ပွဲရုံများမှ သီးနှံလာရောက်ရောင်းချသူနည်းသလို တောင်သူများ လာရောက်ရောင်းချခြင်းမရှိသဖြင့် ကုန်အဝင်နည်းပြီး ရှိသည့်ကောက်ပဲသီးနှံများ အရောင်းသွက်နေခြင်းဖြစ်သည်။ အလားတူ မန္တလေးကုန်စည်ဒိုင်ဈေးကွက်တွင် စမုန်(လတ်စ)၊ ကုလားပဲ(ထိုင်ဝမ်)၊ နှမ်းစမုန်နက်(လတ်စ) မြေပဲဆန်အဖြူ အနီတို့လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

**Souce:** https://myanmar.mmtimes.com/news/137855.html

## မူဆယ်နယ်စပ်ဝင်ထွက်ခွင့် တရုတ်အစိုးရကပိတ်ထားသော်လည်း ကုန်သွယ်မှုမရပ်




COVID-19 ကြောင့် တရုတ်အစိုးရက မူဆယ်နယ်စပ်ဂိတ်ဝင်ပေါက်အားလုံး အဝင်အထွက် ပိတ်လိုက်သော်လည်း ကုန်တင်ယာဉ်ကြီးများ ဝင်ထွက်ခွင့်ပြုသည့်အတွက် ကုန်သွယ်မှုရပ်ဆိုင်း သွားခြင်းမရှိသေးကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်သို့ ပြောသည်။ မြန်မာနိုင်ငံတွင် COVID-19 ကူးစက်ခဲ့ပြီး တရုတ်နိုင်ငံသို့ ပြန်လည်ဝင်ရောက်မည်စိုးသည့်အတွက် အဓိကဝင်ပေါက်ဖြစ်သည့် မူဆယ်မြို့ရှိ ဂိတ်ပေါက်သုံးခုကို တရုတ်အစိုးရက ဧပြီ ၁ ရက် ညနေပိုင်းက ပိတ်လိုက်ခြင်းဖြစ်သည်။ ထို့သို့ နယ်စပ်ဂိတ်များပိတ်ရန် တရုတ်နှင့် မြန်မာအစိုးရ နှစ်နိုင်ငံညှိနှိုင်း၍ ကြေညာအသိပေးခဲ့သည်ဟုသိရသည်။

တရုတ်အစိုးရက မူဆယ်နယ်စပ်ဝင်ပေါက်အားလုံး ကန့်သတ်လိုက်ပြီး ကုန်တင်ယာဉ်ကြီးများသာ ယာဉ်မောင်းတစ်ဦးတည်းဖြင့် အဝင်အထွက်ခွင့်ပြုကြောင်း ဦးမင်းသိန်းကပြောသည်။ "မူဆယ်မြို့ပေါ်မှာရှိတဲ့ မန်ဝင်းဂိတ်ကနေတော့ ကုန်ကားကြီးတွေ ဝင်ခွင့်ပြုတယ်။ အခြား မည်သည့်ကား၊ ဆိုင်ကယ်၊ လူဝင်လို့မရပါဘူး"ဟုပြောသည်။ မူဆယ်မှ ခြောက်မိုင်ခန့် ဝေးသည့် ကျင်းစန်းကျော့ဂိတ်မှ ဖရဲသီး၊ သခွားမွှေးတင်ယာဉ်များဝင်ရောက်ရပြီး ဝင်ရောက်ရာတွင် ကားတစ်စီးလျှင် ယာဉ်မောင်းသာ ဝင်ရ၍ ယာဉ်နောက်လိုက်ဝင်ခွင့်မရှိကြောင်း ကုန်သည်များကပြောသည်။ တရုတ်ဘက်မှသွင်းကုန်များ မြန်မာနိုင်ငံအတွင်း တင်သွင်းရာ၌လည်း ပစ္စည်းတင်ယာဉ်သာ ဝင်ရောက်ခွင့်ပြုကြောင်းသိရသည်။ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်ခွင့်ပြုထား၍ လက်ရှိတွင် ကုန်သွယ်မှုမရပ်ဆိုင်းသေးဘဲ သိသိသာသာထိခိုက်ခြင်းမရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/137851.html

## COVID-19 ဂယက်ကြောင့် ထိုင်းဘတ်ငွေဈေးနှုန်းဆက်တိုက်ကျ၊ မြန်မာကျပ်ငွေ တန်ဖိုးမြင့်တက်




ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့တွင် COVID-19 ကူးစက်ရောဂါဂယက်ကြောင့် ထိုင်းဘတ်ငွေဈေးနှုန်း ဆက်တိုက်ကျဆင်းခဲ့ပြီး မြန်မာကျပ်ငွေတန်ဖိုး မြင့်တက် လျက်ရှိကြောင်း သိရသည်။ မြဝတီမြို့တွင် ဗိုင်းရပ်စ်ဂယက်ကြောင့် အမှတ်(၁) ချစ်ကြည်ရေးတံတားကြီးနှင့် သောင်ရင်းမြစ် စက်လှေဂိတ်များ ပိတ်ထားလိုက်မှုကြောင့် ယခုအခါ ထိုင်းဘတ်ငွေဈေး ဆက်တိုက်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လက ထိုင်းဘတ်ငွေ ဈေးမြင့်တက်ခဲ့ပြီး မြန်မာငွေတန်ဖိုး ကျဆင်းခဲ့ရာမှ မြဝတီ ဘုရင့်နောင်ဈေးကြီးတွင် ထိုင်းစားကုန်နှင့်ပစ္စည်းများ အရောင်းအဝယ်အေးခဲ့ပြီး ၂၀၁၉ ဒီဇင်ဘာလတွင် ထိုင်းဘတ်ငွေဈေး ပြန်လည်ကျဆင်းခဲ့ကာ ၂၀၂၀ နှစ်သစ်ကူးပြီးချိန်၌ ထိုင်းဘတ်ငွေဈေး ဆက်တိုက် ကျဆင်းလာခဲ့သည်။ ၂၀၁၉ ဩဂုတ်လက ထိုင်းဘတ်ငွေ ဘတ် ၂,၀၀၀ လျှင် မြန်မာကျပ်ငွေ ၁၀၀,၀၀၀ ရှိခဲ့ရာမှ ၂၀၂၀ ဧပြီ ၂ ရက်တွင် ထိုင်းငွေ ၂,၄၅၀ လျှင် မြန်မာကျပ်ငွေ ၁၀၀,၀၀၀ ဖြစ်သွားခဲ့ရာ မြန်မာငွေတန်ဖိုး ဆက်တိုက်မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ "ကျွန်မတို့က မဲဆောက်ကနေ အခြေခံစားကုန်တွေကိုမှာပြီး မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးမှာ ရောင်းနေတာ နှစ်ပေါင်းမနည်းတော့ပါဘူး၊ အခု အမှတ်(၂)တံတားက ထိုင်းကုန်ပစ္စည်းတွေ ဝင်ခွင့်ပြုနေတဲ့အတွက် ကုန်ဈေးနှုန်းမတက်ပါဘူး၊ ဒါပေမဲ့ အရင်ထက်စာရင် ထိုင်းကုန်ပစ္စည်းတွေ ဈေးကျသွားပါတယ်၊ အဓိက ရောင်းကုန်တွေကတော့ စားဆီ၊ အချိုရည်၊ အချိုမှုန့်၊ ငါးသေတ္တာ၊ နို့ဆီ၊ နို့စိမ်း၊ ဆပ်ပြာမှုန့်၊ မားမားခေါက်ဆွဲ အစရှိတဲ့ စားကုန်တွေပေါ့၊ အခု ထိုင်းဘတ်ဈေးက အရင် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှာ ထိုင်းဘတ်ငွေ ၂,၀၄၀ ကို မြန်မာငွေကျပ် ၁၀၀,၀၀၀ ရှိခဲ့ရာကနေ ၂၀၂၀ ဇန်နဝါရီလမှာ ထိုင်းဘတ်၂,၁၀၀ ကို မြန်မာငွေကျပ် ၁၀၀,၀၀၀ ဖြစ်ခဲ့လို့ ထိုင်းကုန်ပစ္စည်းတွေလည်း ဈေးနှုန်းကျဆင်းခဲ့တာပေါ့"ဟု မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း ထိုင်းကုန်ပစ္စည်းများ ရောင်းချနေသူတစ်ဦးက ပြောသည်။

မြဝတီမြို့ ဘုရင့်နောင်ဈေးကြီးအတွင်း လက်ရှိရောင်းချနေသော စားကုန်ပစ္စည်းဈေးနှုန်းများမှာ အာဂျီနိုမိုတို ဆွမ်းအုပ်တံဆိပ် (အိုးအချိုမှုန့်) အထုပ် ၂၀ ပါ တစ်ပါကင် ကျပ် ၇၅,၀၀၀၊ မားမားချဉ်စပ်အထုတ် ၃၀ ပါ ဖာသေးခြောက်ဖာပါ တစ်ပါကင် ကျပ် ၃၇,၅၀၀၊ မိသားစုငါးသေတ္တာအလုံးသေး လေးဒါဇင်ပါ တစ်ပါကင် ကျပ် ၄၈၀၀၀၊ ၂၅ ကီလို JUMP ဆပ်ပြာဖာကြီး တစ်ပါကင် ကျပ် ၁၅,၀၀၀၊ စားဆီ ၁၀ ပိဿာဝင် ကော်ပုံးကြီးတစ်ပုံး ကျပ် ၂၄,၀၀၀ ဈေးနှုန်းအသီးသီးဖြင့်ရောင်းချလျက်ရှိပြီး ရွှေဈေးအနေနှင့် မြန်မာမီးလင်း ၁၆ ပဲရည် တစ်ကျပ်သား ကျပ် ၁,၁၃၅,၀၀၀၊ ထိုင်းရွှေ တစ်ဘတ်သား ၂၄,၈၅၀ ဘတ်ဖြင့် ရောင်းချလျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/137853.html

## မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ချေးငွေနှင့် စုဆောင်းအပ်ငွေအပေါ် အတိုးနှုန်းလျှော့

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေနှင့် စုဆောင်းအပ်ငွေအပေါ် သတ်မှတ်ထားသည့် အတိုးနှုန်းများကို လျှော့ချသတ်မှတ်လိုက်ကြောင်း ထုတ်ပြန်ကြေညာသည်။ ပြင်ဆင်လိုက်သည့် အတိုးနှုန်းသည် ဧပြီလ ၁ ရက်မှစတင်၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ကြေညာချက်တွင်ဖော်ပြသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူများကို ကုန်ထုတ်အရင်းအနှီးအတွက် နှစ်စဉ် ရာသီအလိုက် စိုက်ပျိုးစားရိတ်ချေးငွေ ၊ စိုက်ပျိုးရေးနှင့်ကျေးလက် ဖွံ့ဖြိုးရေး ၂ ဆင့်ချေးငွေ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ နှစ်ဆင့် ချေးငွေတို့ကို ထုတ်ချေးပေးလျက်ရှိသည်။

ချေးထုတ်ငွေများအပေါ် လျှော့ချသတ်မှတ်ပေးသည့် အတိုးနှုန်းများအနေဖြင့် ၈ ရာခိုင်နှုန်း ကောက်ခံသည့် စိုက်ပျိုးရေးစားရိတ်ချေးငွေကို ၇ ရာခိုင်နှုန်း၊ ၈ ရာခိုင်နှုန်းကောက်ခံသည့် Jica, Two Step Loan ကို ၆ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းကောက်ခံသည့် MEB ,Two Step Loan ကို ၈ ရာခိုင်နှုန်းသို့ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ "အတိုးနှုန်းလျှော့လို့

ကျေးဇူးလည်းတင်တယ်။ ကြိုလည်းကြိုဆိုတယ်။ ဒါပေမယ့် တောင်သူတွေအတွက်ကတော့ အတိုးနှုန်း လျှော့ပေးတာ ဘာမှ ထူးခြားတဲ့ပြောင်းလဲမှု မရှိပါဘူး။ စိတ်ဝင်စားမှုလည်းမရှိပါဘူး။ တောင်သူဘဝကို ဖွံ့ဖြိုးအောင်ကူညီတာမဖြစ်သလို အခက်အခဲကို ကယ်မနိုင်တဲ့ အနေအထားလည်းမဟုတ်ပါဘူး ။ အတိုးနှုန်းနဲ့ပတ်သက်ပြီး အတိုးနှုန်း ၈ ရာခိုင်နှုန်းဖြစ်ဖြစ် ၆ ရာခိုင်နှုန်းဖြစ်ဖြစ် ပေးဖို့ဝန်မလေးပါဘူး "ဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကဆိုသည်။

တောင်သူများအတွက် နှစ်ရှည်ချေးငွေသက်တမ်းပေးမည့်ချေးငွေသည် ပိုမိုလိုအပ်ပြီး လုံလောက်သည့်ချေးငွေပမာဏ ဖြစ်ရန်လည်း အရေးကြီးကြောင်း ၎င်းကဆိုသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများ၏ စုဆောင်းအပ်ငွေအပေါ် ယခင်က တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းပေးအပ်ခဲ့သော်လည်း ယခုအခါ ၆ ဒသမ ၅ ရာခိုင်နှုန်းသို့ပြောင်းလဲ သတ်မှတ် လိုက်ပြီ ဖြစ်သည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် သက်တမ်း ၇၃ နှစ်ရှိပြီဖြစ်ကာ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်အတွင်း ၁၇၄၇ ဘီလျံကျပ်ကို တောင်သူများထံ ထုတ်ချေးပေးထားသည်။ တောင်သူတစ်ဦးလျှင် လယ် ၁၀ ဧက အတွက်သာ ချေးငွေ ထုတ်ပေးပြီး မိုးရာသီချေးငွေ၊ ဆောင်းချေးငွေနှင့် မိုးကြို ချေးငွေ ဟူ၍ ရာသီကာလအလိုက် ချေးငွေထုတ်ပေးနေသည်။ ဘဏ်က စပါး တစ်ဧကလျှင် ကျပ်တစ်သိန်းခွဲ၊ အခြားသီးနှံများနှင့် ချက်ကြံကို တစ်ဧကလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် စပါးအပါအဝင် သီးနှံ အမျိုးပေါင်း ၂၂ မျိုးကို ချေးငွေထုတ်ပေးနေခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/137846.html

## COVID19 ပြန့်ပွားမှုများလာပါက မြန်မာ့စီးပွားရေးဆိုးရွားလာနိုင်ဟု ကမ္ဘာ့ဘဏ်သုံးသပ်

လက်ရှိတစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေသော COVID19 ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေပေါ်တွင် ပြင်းထန်သော သက်ရောက်မှုများရှိလာနိုင်သော်လည်း ကပ်ရောဂါမတိုင်ခင် စီးပွားရေးကောင်းမွန်ခဲ့သည့်အတွက် အနည်းငယ်ခံသာမည်ဟု ကမ္ဘာ့ဘဏ်ကခန့်မှန်းသည်။ ကမ္ဘာ့ဘဏ်သည် အရှေ့အာရှနှင့်ပစိဖိတ်နိုင်ငံများဆိုင်ရာ စီးပွားရေးအစီရင်ခံစာကို မတ် ၃၀ တွင် ထုတ်ပြန်ခဲ့ပြီး COVID19 ကြောင့်ဖြစ်ပေါ်လာမည့် စီးပွားရေးအကျပ်အတည်းများသက်သာမှုရှိစေရန် အကြံပေးချက်များ အဓိကထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံသည် ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် စီးပွားရေးဆိုင်ရာမူဝါများကို အချိုးညီစွာ သတ်မှတ်နိုင်ပါက မြန်မာ့ စီးပွားရေးအခြေအနေ သွက်လက်လာနိုင်မည်ဟု ကမ္ဘာ့ဘဏ်ကအကြံပြုသည်။ တစ်ဖက်တွင်လည်း နိုင်ငံအတွင်း ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုအခြေအနေများပြားလာမည်ဆိုပါက စီးပွားရေးကျပ်တည်းမှုပိုမိုဆိုးရွားလာနိုင်ပြီး ကုစားရန်လည်း အချိန်ယူ ရမည်ဖြစ်သည်။ ထို့ကြောင့် အစိုးရကကျန်းမာရေးအတွက် အလိုအပ်ဆုံးဖြစ်သောအခြေအနေနှင့်ကဏ္ဍများတွင် အရင်း အမြစ်များ စေ့စီးစွာဖြည့်ဆည်းပေးရန် လိုအပ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ကအကြံပြုသည်။ ၎င်းပြင် လုပ်ငန်းများ လည်ပတ်နိုင်စေရန်၊ ချေးငွေများ လွယ်ကူစွာရရှိနိုင်စေရန်နှင့် လက်လှမ်းမီစေရန် ဆောင်ရွက်သင့်ပြီး အိမ်ထောင်စု ဝင်ငွေဆုံးရှုံးမှုများကို ယာယီကုစားပေးသည့် နည်းလမ်းများကိုလည်း ဦးစွာဆောင်ရွက်သင့်သည်ဟု ဖော်ပြထားသည်။

ကမ္ဘာ့ဘဏ်သည် မြန်မာအပါအဝင် ဒေသတွင်းနိုင်ငံများအားလုံးကို ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ မြှင့်တင်ရန်နှင့် ထိရောက်သော ဘဏ္ဍာရေးကုစားမှု နည်းလမ်းများကို ချမှတ်ဆောင်ရွက်နိုင်ရန် အဓိကတိုက်တွန်းထားပြီး ထိုသို့ဆောင်ရွက် မှသာ လက်ငင်းဖြစ်လာနိုင်သော သက်ရောက်မှုများကို လျှော့ချနိုင်မည်ဟု ဆိုသည်။ COVID19 ကြောင့် တစ်ကမ္ဘာလုံးကို ရိုက်ခတ်မှုရှိမည့် ဘဏ္ဍာရေးနှင့်စီးပွားရေးတုံ့နှေးမှုဒဏ်ကို အရှေ့အာရှပစိဖိတ်ဒေသအတွင်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများလည်း ရင်ဆိုင် ရမည့်အနေအထားရှိနေသည်။ ထို့ပြင် ၎င်းရောဂါသည် ဆင်းရဲနွမ်းပါးမှုကိုလည်း ပိုမိုဆိုးရွားလာစေနိုင်သည်ဟု ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစီရင်ခံစာ၏ အဓိကအကြံပေးချက်မှာ ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်မှုများ ပြုလုပ်ရန်၊ မက်ခရိုစီးပွားရေးဝါဒနှင့် ဗိုင်းရပ်စ်မပြန့်ပွားစေရန် ထိန်းချုပ်မှုနည်းလမ်းများကို ပေါင်းစပ်စဉ်းစားရန်၊ ကုန်သွယ်မှု မူဝါဒပိတ်မသွားစေရန်နှင့် ရပ်တန့်မသွားစေရန်နှင့် အိမ်ထောင်စုများ၏ စားသုံးမှုကုန်ကျငွေများကို ဝင်ငွေမရှိချိန်တွင် ကြိုတင် ထုတ်ပေးသော ချေးငွေပေးရန်တို့ဖြစ်သည်။ ''အားရစရာက အရှေ့အာရှနဲ့ ပစိဖိတ်ဒေသဟာ စီးပွားရေးကျဆင်းမှုကို ကုစားပေးနိုင်တဲ့ အင်အားတွေ ရှိနေဆဲပါ။ ဒီအင်အားတွေကို ဒေသတွင်း နိုင်ငံတွေအနေနဲ့ အလျင်မြန်ဆုံး အသုံးပြုနိုင်ဖို့

လိုပါတယ်''ဟု ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဗစ်တိုးရီးယားကွာကွာက ပြောသည်။ ကမ္ဘာ့ဘဏ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများ COVID19 ကို တုံ့ပြန်ရာတွင် အားကောင်းလာစေရန်နှင့် စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် ရည်ရွယ်ပြီး အမေရိကန်ဒေါ်လာ ၁၄ ဘီလျံထုတ်ချေးပေးရန်လျာထားသည်။ ယင်းပမာဏအနက် မြန်မာနိုင်ငံအတွက်လည်း ဒေါ်လာ သန်း ၅၀ ထုတ်ချေးပေးရန်လျာထားသည်။

**Source:** https://myanmar.mmtimes.com/news/137825.html

## ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းကို ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ခြင်း မရှိလျှင် ကမ္ဘာ့စားနပ်ရိက္ခာပြတ်လပ်မှု ဖြစ်လာနိုင်ဟု ကုလသမဂ္ဂနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သတိပေး



ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအကျပ်အတည်းကို ထိရောက်စွာကိုင်တွယ်နိုင်ခြင်းမရှိလျှင် ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာ ပြတ်လပ်မှုများဖြစ်လာနိုင်ကြောင်း ကမ္ဘာလုံးဆိုင်ရာ အေဂျင်စီကြီးသုံးခု၏ အကြီးအကဲများက ဧပြီ ၁ တွင် သတိပေးပြောကြားခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် ကမ္ဘာတစ်ဝန်းတွင် နိုင်ငံအများအပြားက လူဦးရေအပြောက်အမြားကို သွားလာလှုပ်ရှားမှု ထိန်းချုပ် ကန့်သတ်ထားသည်။ ယင်းဆောင်ရွက်ချက်များက အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့်စားနပ်ရိက္ခာ ထုတ်လုပ်ဖြန့်ဖြူးမှုကို သိသိသာသာနှေးကွေးစေခဲ့သည်။ အဆက်အသွယ်ဖြတ်တောက် သီးခြားနေထိုင်ရတော့မည့်လူများက အထိတ်တလန့်နှင့် အလုအယက်ဝယ်ယူခြင်းကြောင့် ကုန်စည်ထုတ်လုပ်ဖြန့်ဖြူးမှုကွင်းဆက်ကြီး ထိခိုက်ပျက်စီးလွယ်မှုကို မြင်သာစေခဲ့သည်။ “ စားနပ်ရိက္ခာရဖို့ မရေမရာဖြစ်တာကြောင့် ပို့ကုန်ကန့်သတ်တာတွေ၊ တသီတတန်းကြီးဖြစ်လာပြီး ကမ္ဘာ့ဈေးကွက်မှာ ပြတ်လပ်မှုတွေဖြစ်လာခဲ့ပါတယ်” ဟု ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဥက္ကဋ္ဌ ချူတုန်ယွီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ဥက္ကဋ္ဌ တေဒရိုအာဒါနန်ဂီဘရီရေဆု၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ဥက္ကဋ္ဌ ရောဘတ်တိုအာဇီဗေဒိုတို့ ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင်ဖော်ပြခဲ့သည်။

၂၀၀၇ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းပြီးနောက် ဆန်ထုတ်လုပ်သည့် အိန္ဒိယနှင့် ဗီယက်နမ်တို့က ဈေးနှုန်းမြင့်တက်လာနိုင်မှုကို ကာကွယ်ရန် တင်ပို့မှုကို ကန့်သတ်ခဲ့သည်။ ထိုအတွက်ကြောင့် ဆန်ဈေးများ မြင့်တက်သည့်အခါ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် စားနပ်ရိက္ခာဆိုင်ရာ မတည်ငြိမ်မှုများဖြစ်ပွားခဲ့သည်။ ဈေးနှုန်းမြင့်တက်မှုကို ကာကွယ်ရန်အတွက် ရုရှားကအရန်သိုလှောင်ထားသော ဂျုံများကိုရယူခဲ့ပြီး ဂျုံတင်ပို့မှုကိုကန့်သတ်ခဲ့သောကြောင့် ယခုပူးတွဲထုတ်ပြန်ချက်က ရုရှားကိုရည်ရွယ်ခဲ့ခြင်းဖြစ်နိုင်သည်။ COVID-19 ကြောင့် ကန့်သတ်ပိတ်ဆို့မှုများရှိနေချိန်တွင် ကုန်သွယ်ရေးစီးဆင်းမှုကို အလွတ်လပ်ဆုံးဖြစ်စေရန် ကြိုးပမ်းရမည်ဖြစ်ပြီး အထူးသဖြင့်ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားနပ်ရိက္ခာပြတ်လပ်မှုမဖြစ်စေရန် ရှောင်ရှားရမည်ဖြစ်ကြောင်း ယခုပူးတွဲထုတ်ပြန်ချက်က ဖော်ပြခဲ့သည်။ သက်ဆိုင်ရာ နိုင်ငံများက ၎င်းတို့နိုင်ငံသားများ၏ ကျန်းမာရေးနှင့် သာယာဝပြောရေးကိုဆောင်ရွက်ရာတွင် စားသောက်ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုအား မထိခိုက်စေရန် ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ယင်းကြေညာချက်က ထည့်သွင်းပြောကြားခဲ့သည်။ စိုက်ပျိုးရေး လုပ်အား မရရှိမှု၊ စားနပ်ရိက္ခာများ ဈေးကွက် တင်ပို့နိုင်ခြင်း မရှိမှုတို့ကြောင့် ရေရှည်တွင် ကန့်သတ်ထိန်းချုပ်မှုနှင့် ခရီးသွားလာမှု ကန့်သတ်ခြင်းများသည် စိုက်ပျိုးရေးထုတ်လုပ်မှုဖြစ်စဉ်ကို ကမောက်ကမ ဖြစ်စေမည့် အန္တရာယ်ရှိလာနိုင်သည်။ စားသောက်ကုန်ထုတ်လုပ်မှု၊ ပြင်ဆင် ဖြန့်ဖြူးမှု ကဏ္ဍများမှ အလုပ်သမားများကို အကာအကွယ်ပေးရန် လိုအပ်ကြောင်း FAO ၊ WHO နှင့် WTO ခေါင်းဆောင်များက အလေးထားပြောကြားခဲ့ပြီး ၎င်းအလုပ်သမားများ၏ ကျန်းမာရေး၊ ထုတ်လုပ်ဖြန့်ဖြူးမှုလုပ်ငန်းစဉ်တစ်ခုလုံး တည်ငြိမ်ရေးတို့ကို ကာကွယ်ရန်လိုအပ်ကြောင်းပြောကြားခဲ့သည်။ အကျပ်အတည်း၏အစတွင်သာရှိနေသေးပြီး သယ်ယူပို့ဆောင်ရေးနှင့်ဖြန့်ဖြူးမှုတို့က ထုတ်လုပ်မှုထက် ပိုအရေးကြီးလာမည်ဖြစ်ကြောင်း FAO ၏ အကြီးတန်းစီးပွားရေးပညာရှင် အဘ်ဒိုရေဇာအဘာဆီယန်က ပြောကြားခဲ့သည်။ ပြည်ပမှ စားနပ်ရိက္ခာကို မှီခိုနေရသောနိုင်ငံ

၄၄ နိုင်ငံတွင် COVID-19 က စားနပ်ရိက္ခာ လိုအပ်မှုကို ပိုဆိုးစေခဲ့ပြီး အငတ်ဘေးကြုံနေရသော လူဦးရေ ၁၁၃ သန်းရှိသည့် နိုင်ငံ ၅၅ နိုင်ငံတွင် ရှိဆဲအခြေအနေကို ပိုဆိုးစေမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/167495

## COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကိုလျှော့ချနိုင်ရန်အတွက် စင်ကာပူရှိ လုပ်ငန်းခွင်များရပ်ဆိုင်းရမည်

ပြည်တွင်း၌ COVID - 19 ရောဂါကူးစက်ပြန့်ပွားမှု မြင့်တက်လာသည့်အခြေအနေကို လျှော့ချနိုင်ရန် လက်ရှိကျင့်သုံးနေသည့် Safe Distancing အစီအမံအား ပိုမိုတင်းကျပ်၍ ကိုင်တွယ် ဆောင်ရွက်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ၃ - ၄ - ၂၀၂၀ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီအမံအရ ပြည်သူများ၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများနှင့် ၎င်းလုပ်ငန်းများ လည်ပတ်လုပ်ကိုင်နိုင်ရန်အတွက် ပံ့ပိုးပေးနေရသည့် လုပ်ငန်းများမှလွဲ၍ အခြားလုပ်ငန်းများ၏ လုပ်ငန်းခွင်များကို ၇-၄ -၂၀၂၀ ရက်နေ့မှ ၄-၅-၂၀၂၀ ရက်နေ့အထိ ရပ်နားထားရမည် ဖြစ်ကြောင်း သိရှိရပါသည်။

ထိုသို့ လုပ်ငန်းခွင်များကို ရပ်ဆိုင်းရမည်ဖြစ်သော်လည်း တယ်လီဖုန်းဆက်သွယ်မှု သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် ဝန်ထမ်းများက အိမ်မှ ဆောင်ရွက်ပေးနိုင်သော လုပ်ငန်းများဖြစ်ပါက ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ကြောင်း၊ စားသောက်ကုန်လက်လီရောင်းချသည့် စူပါမတ်ကက်၊ စတိုးဆိုင်များ၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ဈေးများအပါအဝင် စားသောက်ကုန်ထုတ်လုပ်/ရောင်းချသည့်လုပ်ငန်းများနှင့်ဆေးဆိုင်များကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။ သို့ရာတွင် စားသောက်ကုန်ရောင်းချသည့် စားသောက်ဆိုင်များ၊ Hawker Centres၊ ကော်ဖီဆိုင်၊ Food Courts များသည် စားသုံးသူများကို ဆိုင်တွင်း၌စားသောက်ခွင့်မပြုဘဲ ပါဆယ်စနစ်နှင့် အိမ်အရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုစနစ်တို့ဖြင့်သာ ရောင်းချသွားရမည်ဖြစ်ပါသည်။

၎င်းအစီအမံအရ ပြည်သူများ၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုလုပ်ငန်းများစာရင်းတွင် စားသောက်ကုန်၊ စွမ်းအင်၊ ရေ၊ ပတ်ဝန်းကျင်၊ သန့်ရှင်းရေး၊ သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေး၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ ဆောက်လုပ်ရေး၊ အဆောက်အဦစီမံခန့်ခွဲမှု၊ အရေးကြီးသော ပြည်သူပိုင်အခြေခံအဆောက်အအုံများ၊ ကုန်ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ ဘဏ်နှင့်ငွေရေးကြေးရေးဝန်ဆောင်မှု၊ ဥပဒေအကျိုးဆောင်လုပ်ငန်းနှင့်ကားပြုပြင်ရေး၊ ဆံပင်ညှပ်ဆိုင်ကဲ့သို့သော အခြားဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများမှလုပ်ငန်းများပါဝင်ကြောင်း၊ အဆိုပါဝန်ဆောင်မှုလုပ်ငန်းများသည်လည်း ၎င်းတို့၏ ဝန်ထမ်းများက တယ်လီဖုန်းဆက်သွယ်မှုဖြင့် အိမ်မှဆောင်ရွက်နိုင်သော အလုပ်တာဝန်များဖြစ်ပါက အိမ်မှသာ လုပ်ငန်းဆောင်ရွက်သွားနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပြီး၊ လုပ်ငန်းခွင်တွင် လူအချင်းအချင်း တွေ့ဆုံဆောင်ရွက်ရမှုများအားလျှော့ချနိုင်ရန် Safe Distancing အစီအမံကို တိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရှိရပါသည်။

**Source:** Media Release, Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုကွင်းဆက် ပြတ်တောက်မှုမဖြစ်ပေါ်စေရေးအတွက် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ လာအို၊ မြန်မာ၊ နယူးဇီလန်၊ စင်ကာပူနှင့် ဥရုဂွေးနိုင်ငံတို့က ဝန်ကြီးအဆင့်ပူးတွဲကြေညာချက်ထုတ်ပြန်

လက်ရှိ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကုန်ထုတ်လုပ်မှုကွင်းဆက် (Supply Chain) ပြတ်တောက်မှုမဖြစ်ပေါ်စေရေးအတွက် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားကြရန် ဩစတြေးလျ၊ ဘရူနိုင်း၊ ကနေဒါ၊ ချီလီ၊ လာအို၊ မြန်မာ၊ နယူးဇီလန်၊ စင်ကာပူနှင့် ဥရုဂွေးနိုင်ငံတို့မှ ဝန်ကြီးများ အဆင့် ပူးတွဲကြေညာချက်တစ်စောင်ကို ၆ - ၄ - ၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါကြေညာချက်တွင် ရောဂါဖြစ်ပွားမှုသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆိုးရွားသောဖြစ်ရပ် တစ်ခုဖြစ်ကြောင်း၊ COVID-19 ကို စုပေါင်းတိုက်ဖျက်မှုတစ်ခုအနေဖြင့် ကုန်ထုတ်လုပ်မှု ကွင်းဆက်များ

အချိတ်အဆက် မပြတ်တောက်ရေး ကတိကဝတ်ပြုပါကြောင်း၊ ဤကာလအတွင်း မရှိမဖြစ်သုံးစွဲရန်လိုအပ်သောကုန်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းအပေါ် သက်ရောက်မှုရှိပြီး ကုန်သွယ် ရေးပြတ်တောက်မှု ဖြစ်ပေါ်စေနိုင်သည့် ကိစ္စရပ်များကို အနီးကပ်ပူးပေါင်း၍ သတ်မှတ်ဖော်ထုတ်သွားကြမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးအတွက် လေကြောင်းနှင့် ပင်လယ်ရေကြောင်းအပါအဝင် ကုန်သွယ်မှုလမ်းကြောင်းများကို ဆက်လက်ဖွင့်လှစ်ထားခြင်းဖြင့် နှစ်ဘက် အကျိုးဖြစ်ထွန်းမှုရှိသည်ကို နားလည်သိရှိကြပါကြောင်း၊ ဤကာလအတွင်း အရေးပေါ်သုံးစွဲရန်လိုအပ်သော ကုန်ပစ္စည်းများ အထူးသဖြင့် ဆေးဘက်ဆိုင်ရာပစ္စည်းများကုန်သွယ်မှုကို အဟန့်အတားဖြစ်ပေါ်စေသော အစီအမံများအား ဖယ်ရှားကြရန်၊ အကောက်ခွန်၊ အကောက်ခွန်မဟုတ်သောအတားအဆီးများနှင့် ပို့ကုန်ထိန်းချုပ်မှုအစီအမံများကိုရှောင်ရှားကြရန် အရေးကြီး သည်ကိုလက်ခံပါကြောင်း၊ ကုန်သွယ်ရေးအခြေအနေနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေး မိမိတို့သည်သဘောထား တူညီသောနိုင်ငံများအားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပြီး၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကုန်ထုတ်လုပ်မှု ကွင်းဆက် ဆက်လက်တည်မြဲမှုရှိစေရေး အထောက်အကူပြုပေးနိုင်စေရန်အတွက် မိမိတို့၏လေဆိပ်နှင့်ဆိပ်ကမ်းကဲ့သို့သော အဓိကကျသည့် အခြေခံအဆောက်အအုံများကို ဆက်လက်၍ဖွင့်လှစ်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

**Source:** Media Release, Ministry of Trade & Industry, Singapore

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ**

## ဆေးဝါးပစ္စည်းကိရိယာများတင်သွင်းမှုအပေါ် အခွန်ကောက်ခံမှုကို အီးယူဆိုင်းငံ့မည်

ဥရောပကော်မရှင်အနေဖြင့် အီးယူနိုင်ငံများတွင်လိုအပ်နေသည့် နှာခေါင်းစည်းကဲ့သို့သော ပစ္စည်းကိရိယာများ လိုအပ်ချက်ကို ကူညီဖြေရှင်းပေးနိုင်ရေးနှင့် တင်သွင်းမှုလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ချက်အဖြစ် ဆေးဝါးပစ္စည်း ကိရိယာများ တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်များကို ယာယီဆိုင်းငံ့သွားမည်ဟု ဥရောပကော်မရှင်ဥက္ကဋ္ဌဖြစ်သူ Ursula von der Leyen က ဗီဒီယိုမက်ဆေ့ ဖြင့်ပြောကြားခဲ့ကြောင်း၊ ယခုဆောင်ရွက်ချက်သည် ဆေးဝါးနှင့်ရောဂါအကာအကွယ်ပစ္စည်းကိရိယာများ ဈေးနှုန်းမြင့်တက်မှုဖိအားကို လျော့ပါးသက်သာစေရန်နှင့် အဆိုပါပစ္စည်းကိရိယာများ ပိုမိုဝယ်ယူရရှိနိုင်စေရန် ဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း၊ အီးယူနိုင်ငံများအနေဖြင့် တတိယနိုင်ငံများမှ ဆေးဝါးနှင့်ရောဂါအကာအကွယ်ပစ္စည်းကိရိယာများ တင်သွင်းမှုအပေါ် အကောက်ခွန်များကို ယာယီဖယ်ရှားပေးရန် ဆုံးဖြတ်မည်ဆိုပါက ဥရောပကော်မရှင်အနေဖြင့် ယင်းကို မြန်မြန်ဆန်ဆန် အတည်ပြုပေးသွားမည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ယခုကဲ့သို့ အခွန်ကောက်ခံမှုကို ယာယီဆိုင်းငံ့ခြင်းအစီအမံတွင် နှာခေါင်းစည်းများ၊ ရောဂါ အကာအကွယ်ပစ္စည်းများ (protective gear)၊ စစ်ဆေးရေးကိရိယာများ (testing kits)၊ အသက်ရှူကိရိယာများ(ventilators)နှင့် အခြားဆေးဝါပစ္စည်း ကိရိယာများလည်းပါဝင်ကြောင်း၊ ယင်းအစီအမံသည် ယာယီဆောင်ရွက်ချက်တစ်ခုဖြစ်ကြောင်း၊ အချိန်ကာလအားဖြင့် (၆) လ အထိ ဆောင်ရွက်မည်ဖြစ်ပြီး၊ ထပ်မံ၍သက်တမ်းတိုးနိုင်ဖွယ်လည်းရှိကြောင်း ဥရောပကော်မရှင်၏ဖော်ပြချက်အရ သိရှိရ ကြောင်း Politico ၏ ၃-၄-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရသိရှိရပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## COVID-19 ကြောင့် နယ်သာလန်နိုင်ငံ၏ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ၂၀၀၈ခုနှစ်၊ စီးပွားရေး အကျပ်အတည်းထက် ပို၍ထိခိုက်မှုရှိ

နယ်သာလန်နိုင်ငံ၊ Economic Institute for Construction အရ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကြောင့် လာမည့် (၂) နှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်ပေါင်း (၄၀၀၀၀) ခန့်ဆုံးရှုံးနိုင်ကြောင်း၊ COVID-19 အကျပ်အတည်းသည် ၂၀၀၈ ခုနှစ်၊ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းထက် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍအပေါ် ပိုမို၍ထိခိုက်မှု ရှိမည်ဟု အဆိုပါအဖွဲ့ အစည်းက ယူဆထားကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းအပိုင်းတွင် ထုတ်လုပ်မှုသည် (၁၅) ရာခိုင်နှုန်း အထက်ကျဆင်းနိုင်သည်ဟု ယင်းကမျှော်လင့်ထားကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် နယ်သာလန်နိုင်ငံ၏ စီးပွားရေးတစ်ခုလုံးအပေါ် သက်ရောက်မှုရှိမည်ဖြစ်ပြီး၊ ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေးအစီအမံများကို လျင်မြန်စွာရုပ်သိမ်း

ခဲ့လျှင်ပင် နယ်သာလန်နိုင်ငံ၏ စီးပွားရေးကျဆင်းမှုရှိမည်ဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။

ကာလရှည်တွင် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍအပေါ်ထိခိုက်မှုမှာ ရှောင်လွှဲ၍မရနိုင် ကြောင်း၊ လက်ရှိဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်နိုင်ရေးအစီအမံများကို ရုပ်သိမ်းပြီးသည့်တိုင်အောင် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ဆုံးရှုံးမှုဖြစ်ပေါ်ခြင်းမှတစ်ဆင့် ကိုရိုနာဗိုင်းရပ်ကူးစက်ရောဂါ၏ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဆက်လက်ရှိနေမည်ဟု Economic Institute for Construction က ယူဆထားကြောင်း၊ လုပ်ငန်းရှင်များ၏ စီးပွားရေးအပေါ် ယုံကြည်မှုပျောက်ဆုံးခြင်းကြောင့် တည်ဆောက်ရေးအစီအစဉ်များစွာအား ဆိုင်းငံ့ထားလျက်ရှိနေကြောင်းသိရှိရပါသည်။

၅။ ကိုရိုနာဗိုင်းရပ်စ်အကျပ်အတည်းမတိုင်မီကပင် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် အခက်အခဲပြဿနာများကို ရင်ဆိုင်နေခဲ့ရပြီးဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံအစိုးရ၏ Nitrogen Approach Program ကို Council of States မှ ကြေညာခဲ့ချိန်တွင် များစွာသော ဆောက်လုပ်ရေးလုပ်ငန်းစီမံချက်များသည် ရပ်နားထားရကြောင်း၊ စီမံကိန်းအသစ်များကြောင့် ဖြစ်ပေါ်သည့် နိုက်ထရိုဂျင်ထုတ်လွှတ်မှုများလျှော့ချရေးနှင့်စပ်လျဉ်းသည့် Nitrogen Approach Program အရ ဆောက်လုပ်ရေးလုပ်ငန်းစီမံချက်များသည် နိုက်ထရိုဂျင်ထုတ်လွှတ်မှုလျှော့ချနိုင်ရေးအတွက် လုပ်ငန်းများကို ရပ်နားထားရခြင်းဖြစ်ကြောင်း နယ်သာလန်တိုင်းမ်၏ ၃-၄-၂၀၂၀ နေ့တွင် သတင်းဖော်ပြချက်အရသိရှိရပါသည်။

**Source:** နယ်သာလန်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## တစ်ကမ္ဘာလုံးတွင် COVID-19 ကပ်ရောဂါပျံ့နှံ့ဖြစ်ပွားမှုကြောင့် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကြပ်ရိုက်မှုထက် ပိုမိုဆိုးရွားနိုင်ခြေများကြောင်း IMF အကြီးအကဲသတိပေး

ယခုကဲ့သို့ တစ်ကမ္ဘာလုံးတွင် COVID-19 ကပ်ရောဂါပျံ့နှံ့ဖြစ်ပွားနေမှုမှာ ကျန်းမာရေးနှင့်စီးပွားရေး အခက်အခဲအကျပ်အတည်းကြီးနှစ်ရပ်ဖြစ်နေသောကြောင့် ၂၀၀၈ ခုနှစ်ကဖြစ်ပွားခဲ့သည့် ကမ္ဘာ့ဘဏ္ဍာရေးအကြပ်ရိုက်မှုကာလထက် ပိုမိုဆိုးရွားနိုင်ကြောင်း၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၏သမိုင်းတွင် ကြိုတင်မျှော်မှန်းမထားသည့် ကပ်ရောဂါကြီးဖြစ်ကြောင်း IMF ၏အုပ်ချုပ်မှုဒါရိုက်တာ Kristalina Georgievaက ဧပြီလ (၃)ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် သတိပေးပြောကြားခဲ့ပါသည်။ WHO၏ စာရင်းများအရ ကမ္ဘာတစ်ဝှမ်းတွင် လူတစ်သန်းကျော်ကူးစက်နေပြီး လူငါးသောင်းကျော်သေဆုံးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝှမ်းမှ နိုင်ငံများအနေဖြင့် လူ့အသက်များကိုကယ်တင်ရန်နှင့် လူနေမှုဘဝများဟန်ချက်မပျက်စေရေးကာကွယ်ရန် ပူးပေါင်းဆောင်ရွက်နေကြရကြောင်း၊ ယခုကဲ့သို့ မြင့်တက်လာသည်များနှင့် လိုက်လျောညီထွေရှိစေရန် စီးပွားရေးကိုကာကွယ်ရာတွင် လိုအပ်သကဲ့သို့ အသုံးပြုနိုင်စေရန်ဆုံးဖြတ်လျက် အမေရိကန်ဒေါ်လာ (၁)ထရီလီယံအား ထည့်သွင်းပေးထားကြောင်း Georgieva က အလေးထားပြောကြားခဲ့ပါသည်။

ထွန်းသစ်စဈေးကွက်များထဲမှ ဒေါ်လာ (၉၀)ဘီလီယံနီးပါး ပြန်ထွက်သွားခဲ့သည်ကို တွေ့ရပြီး၊ ၂၀၀၈ ခုနှစ်ကမ္ဘာ့ဘဏ္ဍာရေးအကြပ်အတည်းဖြစ်စဉ်ကထက် ပိုများနေကြောင်း၊ ကပ်ရောဂါကြောင့် ဆိုးရွားစွာရိုက်ခပ်ခြင်းခံနေရသည့် ထွန်းသစ်စဈေးကွက်များအတွင်း သို့ အရေးပေါ်ဘဏ္ဍာရေးအထောက်အပံ့များအား IMFက စုစည်းပေးနေကြောင်း Georgieva က ထည့်သွင်းပြောကြားခဲ့ပါသည်။ ယခုအခါ အရေးပေါ်ဘဏ္ဍာရေးထည့်ဝင်မှုများအတွက် IMFထံသို့ နိုင်ငံပေါင်း (၉၀) ကျော်က တောင်းဆိုထားကြပြီး၊ အထူးသဖြင့် ကျန်းမာရေးအထောက်အကူပြု အသုံးအဆောင်များ သေချာစွာဆောင်ရွက်ထားရန်၊ ထိခိုက်လွယ်သော ပြည်သူများနှင့် လုပ်ငန်းများကိုသေချာစွာပံ့ပိုးပေးရန်၊ ကျန်းမာရေးဝန်ထမ်းများအား ဘဏ္ဍာရေးထောက်ပံ့ပေးရေးတွင် အသုံးပြုမည့် နိုင်ငံများကို ဦးစားပေးရန် IMFက တောင်းဆိုထားပါသည်။

**Source:** Xinhua

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## အသက်ရှူအထောက်အကူပြုစက်များကို ပိုမိုထုတ်လုပ်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် တရုတ်နိုင်ငံ

ကမ္ဘာတစ်ဝှမ်းတွင် ကိုရိုနာကူးစက်ကပ်ရောဂါပျံ့နှံ့ဖြစ်ပွားနေမှုကြောင့် လိုအပ်ချက်အလွန်မြင့်မားလာနေသော လုပ်ဆောင်ချက်အမျိုးမျိုးပါဝင်သည့် အသက်ရှူအထောက်အကူပြုစက်များကို ထုတ်လုပ်ပေးရန် တရုတ်နိုင်ငံက နေ့ရောညပါ ကြိုးပမ်းလျက်ရှိပါသည်။ ထိုသို့ကြိုးပမ်းမှုသည် ကပ်ရောဂါကြောင့် နိုင်ငံတကာကုန်သွယ်ရေးအား ဆိုးရွားစွာ ထိခိုက်လျက်ရှိချိန်၌ လုပ်ငန်းများပြန်လည်စတင်စေရန်နှင့် စီးပွားရေးဆောင်ရွက်မှုများတည်ငြိမ်စေရန် တရုတ်နိုင်ငံ၏ အားထုတ်မှုများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် လုပ်ဆောင်ချက်အမျိုးမျိုးပါဝင်သည့် အသက်ရှူအထောက်အကူပြု စက်ထုတ်လုပ်သည့်လုပ်ငန်းပေါင်း (၂၁)ခုရှိပြီး၊ ၎င်းတို့အနက် လုပ်ငန်း(၈)ခုမှာ ဥရောပသမဂ္ဂ၏ CE အမှတ်အသား ရရှိပြီးဖြစ်ပါသည်။ ၎င်းကုမ္ပဏီများသည် အသက်ရှူစက်အလုံးရေ (၂)သောင်းအတွက် ကုန်မှာယူမှုများကို လက်မှတ်ထိုးထားပြီးဖြစ်ကာ၊ နေ့စဉ် ဆက်လက်ဝယ်ယူမှုများလည်း လက်ခံရရှိနေကြောင်းသိရပါသည်။

မတ်လ (၁၉)ရက်နေ့မှ မတ်လကုန်ကာလအတွင်း နိုင်ငံခြားဆေးရုံများသို့ အသက်ရှူ စက်အလုံးပေါင်း (၁,၇၀၀)ကျော် ထုတ်လုပ်တင်ပို့ထားပြီးဖြစ်ကာ၊ ၎င်းပမာဏသည် ပြည်တွင်းဆေးရုံများသို့ နှစ်စဉ်ထောက်ပံ့ပေးနေသည့်ပမာဏ၏ ထက်ဝက်နှင့် ညီမျှကြောင်း၊ အသက်ရှူအထောက်အကူပြုစက်တစ်လုံးထုတ်လုပ်ရန် အစိတ်အပိုင်း(၁,၀၀၀) လိုအပ်ပြီး၊ အဓိကအစိတ်အပိုင်းထုတ်လုပ်သူအချို့မှာ ဥရောပနိုင်ငံများ၌ တည်ရှိသည့် အတွက် ယခုကဲ့သို့ ကပ်ဘေးကျရောက်သည့်အချိန်၌ ထုတ်လုပ်မှုတိုးမြှင့်ရန် အခက်အခဲများရှိနေကြောင်းသိရပါသည်။ ယခုအခါ တရုတ်နိုင်ငံတွင် ကပ်ရောဂါအား ပိုမိုကောင်းမွန်စွာ ထိန်းချုပ်နိုင်ပြီဖြစ်သဖြင့် မတ်လ (၂၉)ရက်နေ့ရှိ စာရင်းများအရ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ (၇၆)ရာခိုင်နှုန်းနှင့် ကုမ္ပဏီကြီးများ၏ (၉၈.၆)ရာခိုင်နှုန်းတို့မှာ လုပ်ငန်းများပြန်လည်စတင်နေပြီဖြစ်ကြောင်း၊ အလုပ်လုပ်ကြသူအားလုံးအနက် (၈၉.၉)ရာခိုင်နှုန်း မှာ လုပ်ငန်းခွင် သို့ပြန်လည်ဝင်ရောက်ကြပြီဖြစ်ကြောင်းသိရပါသည်။ ထို့ပြင် လျှပ်စစ်ပစ္စည်းထုတ်လုပ်သော လုပ်ငန်းများ၏ (၉၀)ရာခိုင်နှုန်းကျော်မှာ လုပ်ငန်းများပြန်လည်စတင်ပြီဖြစ်ကာ၊ စမတ်နည်းပညာသုံး လက်ပတ်နာရီများ၊ cloud နည်းပညာသုံး အဆင့်မြင့်နည်းပညာ ပစ္စည်းများမှာ ကပ်ရောဂါကာလအတွင်းမှာပင် မြင့်မားနေကြောင်းသတင်းရရှိပါသည်။

**Source:** China Daily

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## STOCK EXCHANGE (3.4.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Apr. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,700 | +200 | +2.11% | 9,500 | 9,800 | 9,400 | 3,821 | 36,288,200 | 27,112,747 | 262,994 |
| MTSH | 00002 | 3,450 | +50 | +1.47% | 3,450 | 3,500 | 3,450 | 2,947 | 10,168,100 | 38,929,150 | 134,306 |
| MCB | 00003 | 8,000 | +200 | +2.56% | 8,000 | 8,000 | 8,000 | 7 | 56,000 | 10,400,986 | 83,208 |
| FPB | 00004 | 21,500 | +500 | +2.38% | 21,000 | 21,500 | 21,000 | 139 | 2,920,000 | 2,472,053 | 53,149 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 98 | 264,600 | 12,823,224 | 34,623 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.01 | +7.80 | +1.92% | 408.63 | 415.01 | 406.65 | 7,012 | 49,696,900 | 5 | 568,280 |

**Index chart**




Activate Window
Go to Settings to activ

# Market Overview

As of 1:00 pm, 3rd Apr. 2020

| MYANPIX | 415.01 ▲ 7.80 |
|---|---|
| Total Volume (shares) | 7,012 |
| Total Value (MMK) | 50 mil |
| Listed Company | 5 |
| Market Cap. (MMK) | 568,280 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,700 | ▲ 200 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 200 |
| FPB | 00004 | 21,500 | ▲ 500 |
| TMH | 00005 | 2,700 | ▲ 0 |